၁၉၆၁ခုနှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေ ။

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၅ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေပါ ပုဒ်မ ၁၅မှတစ်ပါး၊ အခြားပုဒ်မအားလုံးသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။ ပုဒ်မ ၁၅ သည်၊ ၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၁ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၄၇ရှိ ရှင်းလင်းချက်တွင် "သေရည်သေရက်နှင့်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုနှင့် အခြားပတ်ဝန်းကျင်ကြောင်းချင်းရာ တစ်ခုခုပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့် ဖြစ်စေ"ဆိုသည့် စကား ရပ်အစား၊ "သေရည်သေရက်၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထု၏ အာနိသင်နှင့် အခြားပတ်ဝန်းကျင်ကြောင်းချင်းရာတစ်ခုခု ပေါင်းစပ်ခြင်းကြောင့် ဖြစ်စေ"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၇၇တွင်၊ "စစ်တရားရုံးသည် အရာခံဗိုလ်အဆင့်အောက်နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား၊" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးသည် မိန်းမတစ်ဦးမှတစ်ပါး၊ အရာခံဗိုလ်အဆင့်အောက်နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသည့် အခြားသူတစ်ဦးဦးအား၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၁တွင်၊ "ဤအက်ဥပဒေကို လိုက်နာရသူများက ကျူးလွန်သော ပြစ်မှုများနှင့် စပ်လျဉ်း၍" ဆိုသည့်စကားရပ်အစား "ဤအက်ဥပဒေကို လိုက်နာရသူများ ကျူးလွန်သော သတ်မှတ်ထားသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၂တွင်-

(က) "ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုတစ်ခု"ဆိုသည့်စကားရပ်အစား "သတ်မှတ်ထား

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၀၅။*